# အထူးပညာရေးဆိုတာ ဘာလဲ။



အထူးပညာရေးဆိုသည်မှာ သင့်ကလေးအတွက် အကူအညီမျိုးစုံ ပေးခြင်းကို ဆိုလိုနိုင်ပါသည်။ ၎င်းတွင် နည်းပညာ၊ အဖွဲ့ငယ်များဖြင့် လေ့လာခြင်း၊ သယ်ယူပို့ဆောင်ရေး၊ စကားပြော ရောဂါကုထုံးနှင့် အခြားအရာများ ပါဝင်နိုင်ပါသည်။

## အထူးပညာရေးသည် သင့်ကလေး၏ အသက်ပေါ်မူတည်၍ ပြောင်းလဲပါသည်။

### အသက် 0 မှ 3 နှစ်

သင့်ကလေးသည် သတ်မှတ်ချက် ပြည့်မီလျှင် အရီဇိုးနား အစောပိုင်း ကြားဖြတ် အစီအစဉ် (AZEIP) တွင် စာရင်းသွင်းနိုင်ပါသည်။ AZEIP သည် ကလေးငယ်များနှင့် လမ်းလျှောက်စ ကလေးငယ်များနှင့် ၎င်းတို့၏ မိသားစုများအတွက် စစ်ဆေးခြင်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ သင် azeip.azdes.gov တွင်လျှောက်လွှာဖြည့်သွင်း နိုင်ပါသည်။

### အသက် 3 နှစ်မှ 5 နှစ်

သင့်ကလေးသည် သတ်မှတ်ချက်ပြည့်မီလျှင် မူကြိုကို အခမဲ့တက်ခြင်း အပါအဝင် ကလေးဘဝ အစောပိုင်းတွင် အထူးပညာရေးကို ရရှိနိုင်ပါသည်။ ဝန်ဆောင်မှုများအတွက် စစ်ဆေးအကဲဖြတ်ရန် သင့်ကလေးအား ကျောင်းတွင် စာရင်းသွင်းရန် မလိုပါ။ အချက်အလက်များ သိလိုပါက သင်၏ ဒေသခံ ကျောင်းနယ်မြေခရိုင်ကို ဆက်သွယ်ပါ။

### အသက် 5 နှစ်မှ 14 နှစ်

စက်တင်ဘာလ 1 ရက်တွင် အသက် 5 နှစ်ပြည့်သည့် ကလေးများသည် သူငယ်တန်း တက်ရောက်နိုင်ပါသည်။ သူငယ်တန်း စတင်တက်ရောက်သော ကလေးအားလုံးကို မသန်စွမ်းမှု ရှိမရှိ စစ်ဆေးပါသည်။ သင့်ကလေးသည် အသက် 5 နှစ်ကျော်ပြီး အခြားကျောင်းမှ မှတ်တမ်းများ မရှိလျှင် ၎င်းတို့ကိုလည်း စစ်ဆေးပါမည်။ ဤစစ်ဆေးရေးတွင် သင့်ကလေး၏ မသန်စွမ်းမှုကို မဖော်ထုတ်ပါက စစ်ဆေးပေးရန် ကျောင်းနယ်မြေခရိုင်သို့ တောင်းဆိုစာ သင်ရေးသားပေးပို့နိုင်ပါသည်။

### အသက် 14 နှစ်မှ 22 နှစ်

ကျောင်းသားအများစုသည် ကျောင်း၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီးနောက် 4 နှစ်အတွင်း အထက်တန်းကျောင်း ပြီးဆုံးသော်လည်း မသန်စွမ်း ကျောင်းသားအချို့သည် အသက် 22 နှစ် ပြည့်သည်အထိ ကျောင်းတက်ရနိုင်သည်။ အသက် 14 နှစ်ကျော် ကျောင်းသားများသည်လည်း နိုင်ငံတော အလုပ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး (VR) အစီအစဉ်မှ အလုပ်နှင့် သက်ဆိုင်သော ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုများတွင် အလုပ်ဆိုင်ရာ သင်တန်းပေးခြင်းနှင့် ကျွမ်းကျင်မှု တည်ဆောက်ခြင်းတို့ ပါဝင်သည်။

**မေးခွန်းများ ရှိပါသေးသလား။**
*နောက်ထပ်အချက်အလက်များ သိလိုပါက တစ်ဦးချင်းသီးသန့် ပညာရေး အစီအစဉ်များ (IEPs) နှင့် ဝန်ဆောင်မှုများအား ငြင်းပယ်ခံရမှုများကြေညာစာတမ်းများ* ကို ကြည့်ပါ။

Beyond Flight
ARIZONA MY HOME
Along the path of freedom lie the seeds of hope

**Arizona Refugee Resettlement Program**
**(အရီဇိုးနား ပြည်နယ် ဒုက္ခသည်ပြန်လည်နေရာချထားရေး အစီအစဉ်)**
**1789 West Jefferson**
**Phoenix, Arizona 85007**
**ဖုန်း-(602) 542-6045**

Arizona Developmental Disabilities Planning Council

ဓာတ်ပုံသရုပ်ဆောင်များဖြင့် ပြုလုပ်၍ 08/20 တွင် ဖန်တီးသည်